# အလုပ်ရှင်ကောင်း • အထောက်အကူဖြစ်စေသော နိုင်ငံခြားအိမ်အကူ

## သင်၏ဝတ္တရားများကို လိုက်နာပါ • ညီညွတ်စွာနေထိုင်ပါ

နိုင်ငံခြား အိမ်အကူများနှင့် အလုပ်ရှင်များအတွက်

သိကောင်းစရာ အကြံပြုချက်များ

## တစ်ဦးနှင့်တစ်ဦး လေးစားပါ• သင့်ဝတ္တရားများကို လိုက်နာပါ

### တစ်မိုးအောက်တွင် ညီညွတ်စွာနေထိုင်ပါ

အလုပ်ရှင်များနှင့် နိုင်ငံခြားအိမ်အကူများ (FDHs) သည် တစ်ဦးနှင့်တစ်ဦး လေး စားသင့်ပြီး စည်းလုံးညီညွတ်စွာ နေထိုင်နိုင်စေရန်နှင့် ရင်းနှီး ခိုင်မာသည့် ရေ ရှည်ဆက်ဆံရေးကို တည်ဆောက်စေနိုင်ရန်အတွက် တစ်ဦး၏ တာဝန် ဝတ္တရား များကို တစ်ဦးက လိုက်နာ စောင့်ထိန်းသင့်ပါသည်။ အလုပ်အကိုင် အငြင်း ပွားမှုဆိုင်ရာ ကိစ္စရပ်များတွင် နှစ်ဦးဦးနှစ်ဖက်လုံးသည် အကူအညီကို ချက်ချင်း တောင်းခံသင့်ပြီး အကြမ်းဖက်မှုများ သို့မဟုတ် အခြား တရားမဝင်သည့် လုပ်ရပ်များကို အားကိုးအားထားပြုခြင်း မလုပ်ရပါ။ အလုပ်သမားရေးရာ ဌာန (LD) ၏ အလုပ်သမားဆက်ဆံရေး ဌာနခွဲသည် အလုပ်ရှင်များနှင့် FDHs အား ၎င်းတို့၏ အလုပ်သမား အငြင်းပွားမှုဆိုင်ရာ ကိစ္စများကို ဖြေရှင်းရာ တွင် ကူညီပေးရန် အခမဲ့ ညှိနှိုင်းဆောင်ရွက်သည့် ဝန်ဆောင်မှုများကို ပေးပါ သည်။

## လုပ်အားခကို အချိန်မှန်ပေးချေပါ

| |
|---|
| အချိန်မှန်မှန် အိပ်ရာထသင့်တယ်။<br>ကျောင်းကို အချိန်မှန်ပါစေ။ |
| အမေလည်း အချိန်မှန်ဖို့ လိုအပ်ပါတယ်။<br>မင်းဘာကို ဆိုလိုတာလဲ။ |
| ကျွန်တော်တို့ရဲ့ အိမ်အကူကို လုပ်အားခ အချိန်မှန်ပေးဖို့ မမေ့ပါနဲ့။ |

ပုံမှန်အလုပ်အကိုင်စာချုပ် (SEC) တွင် ဖော်ပြထားသော လစာနှုန်းထားသည် အနည်းဆုံး ခွင့်ပြုနိုင်သော လုပ်အားခထက် မနည်းသင့်ပါ။ လုပ်အားခများကို လုပ်အားခရှင်းပေးရမည့်ကာလ်နောက်ဆုံးရက်တွင် ပေးချေရမည်။ အလုပ်ရှင်များသည် FDHs အား SEC တွင် သတ်မှတ်ထားသော လုပ်အားခကို အချိန်မှန် ရှင်းပေးသင့်ပြီး အနာဂတ်တွင် အငြင်းပွားမှု ကိစ္စများကို ရှောင်ရှားရန် လုပ်အားခပေးချေမှုများ (ဥပမာ- နှစ်ဖက်စလုံးက လက်မှတ်ရေးထိုးထားသော ပြေစာ) ကို မှတ်တမ်းတင်ထားပါ။

## အားလပ်ရက်များ ပေးပါ

| |
|---|
| အမေ ဒီနေ့နားရက်ယူမလို့။ |
| နောက်တစ်ခါ နားရက်ယူမယ်ဆိုရင် ကြိုပြောပေးပါ... |

အလုပ်အကိုင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း ဥပဒေအရ၊ FDH တစ်ဦးသည် ခုနစ်ရက်လျှင် တစ်ရက်ထက်မနည်းသော အနားယူခွင့်၊ ဥပဒေအရ ပြဋ္ဌာန်းထားသော တရားဝင် အားလပ်ရက်များနှင့် နှစ်စဉ် ပေးထားသော ခွင့်ရက်များကို ခံစားခွင့် ရှိပါသည်။ အကယ်၍ FDH တစ်ဦးသည် ပုံမှန်အနားယူသည့်နေ့ သို့မဟုတ် တရားဝင် အားလပ်ရက်တွင် အလုပ်လုပ်ရန် လိုအပ်ပါက၊ အလုပ်ရှင်သည် FDH အတွက် အစားထိုး အားလပ်ရက်ကို စီစဉ်ပေးသင့်သည်။ FDH ကို အားလပ်ရက်များပေးရန် ပျက်ကွက်သော အလုပ်ရှင်သည် ပြစ်မှုကျူး လွန်ရာမြောက်သည်။

## **သင့်လျော်သော အာမခံကို ရယူပါ**

| |
|---|
| ဗီရိုကို သန့်ရှင်းဖို့အတွက် အမြင့်မှာရပ်ခြင်းက အန္တရာယ်များတယ် |
| သတိထားပါ။ လက်ဖက်ရည်က အရမ်းပူတယ်။ |
| မင်းရဲ့အိမ်အကူကို မင်းအရမ်း ဂရုစိုက်တယ်။ |
| ကျွန်တော် အရမ်းစိတ်ပူတယ်... သူ့အတွက် အာမခံ မထုတ်ရသေးလို့ပါ... ဒါပေမယ့် ဒါပြစ်မှုတစ်ခုဘဲ |

အလုပ်ရှင်များသည် အလုပ်သမားများ၏ လျော်ကြေးအာမခံကို ၎င်းတို့၏ FDHs အတွက် ဥပဒေအရ ရယူရန် လိုအပ်ပါသည်။ SEC က အလုပ်ရှင်များသည် FDHs အား ဟောင်ကောင်တွင် အလုပ်လုပ်ကိုင်စဉ် ကာလအတွင်း အခမဲ့ ဆေးဝါးကုသ ပေးရမည်ဟု ထပ်မံပြဋ္ဌာန်းထားပါသည်။ အလုပ်ရှင်များသည် ဥပဒေနှင့် SEC အောက်ရှိ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဆေးအာမခံ နှင့် အလုပ်သမားများ၏ လျော်ကြေးအာမခံ နှစ်မျိုးလုံးကို အကျုံးဝင်သည့် ပြည့်စုံသော FDH အာမခံ မူဝါဒများကို ရယူထားရန် အကြံပြုထားပါသည်။

## အလုပ်စီစဉ်မှုအပေါ် သဘောတူပါ

| |
|---|
| စာကျက်ချိန်၊ အလုပ်လုပ်ချိန် သို့မဟုတ် အနားယူချိန်တို့အတွက် ပုံမှန်အချိန်တစ်ခု သတ်မှတ်ထားပါ။ |
| နားလည်ပါသလား။<br><br>ဟုတ်ကဲ့။ |
| အမေက ဘာလို့ အမြဲတမ်း အိပ်နေတာလဲ။<br><br>အမေက ညတိုင်း ရုပ်ရှင်ကြည့်ပြီးနောက်ကျမှ အိပ်တယ်... |

အလုပ်ရှင်များသည် FDHs နှင့် ကောင်းမွန်သော ဆက်ဆံရေးကို ထိန်းသိမ်းထားသင့်ပြီး လုပ်စရာများနှင့် အနားယူရမည့် အချိန်ကိုလည်း သဘောတူထားသင့်သည်။ လုံလောက်စွာ အနားယူခြင်းသည် FDHs ၏ လုပ်နိုင်စွမ်းအားနှင့် စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ပါသည်။

## အစားအစာ အခမဲ့ပေးပါ သို့မဟုတ် အစားအစာအတွက် ထောက်ပံ့ကြေးပေးပါ

| |
|---|
| မင်းဘာလို့ အိမ်စာတွေ မလုပ်တာလဲ။<br><br>တစ်မိနစ်အတွင်း။ |
| ကစားနေတာကို အခုရပ်လိုက်ပါ မဟုတ်ရင် ဒီည ညစာမစားရဘူး။<br><br>ကျွန်တော် ဒါကို အရင်ဆုံး အပြီးသတ်ပါရစေ။ |
| အမေ စားစရာ ပေးသင့်တယ် ဒါမှမဟုတ် အစားအစာအတွက် ပိုက်ဆံပေးသင့်တယ်။ |

အစားအစာ အခမဲ့ပေး၊ မပေး သို့မဟုတ် အစားအစာ ထောက်ပံ့ကြေး ပေး၊ မပေးကို အလုပ်ရှင်များက ၎င်းတို့၏ FDHs နှင့် သဘောတူညီချက် လုပ်ထားသင့်သည်။ အလုပ်ရှင်များသည် အချိန်အတိုင်းအတာ တစ်ခုအထိ အစားအစာ အခမဲ့မပေးနိုင်ပါက (ဥပမာ - နိုင်ငံခြားသို့ ခရီး ထွက်သည့်အခါ)၊ ထိုအချိန်ကာလအတွက် အစားအစာ ထောက်ပံ့ကြေးအား ပေးရမည် ဖြစ်ပါသည်။ အလုပ်ရှင်များသည် FDHs အား လုံလောက်ပြီး သင့်လျော်သည့် အစားအစာများကို ပေးနိုင်စေရန်အတွက် ၎င်း၏ ဘာသာရေး နောက်ခံနှင့်

စားသောက်မှုပုံစံ အလေ့အထများကို နားလည်အောင် ကြိုးစား ရမည်။

## သင့်မြတ်သော ကိုယ်ရေးကိုယ်တာ လုံခြုံစိတ်ချရသည့် နေရာထိုင်ခင်းပေးပါ

| |
|---|
| မာရီယာ ကျေးဇူးပြုပြီး ငါ့ရဲ့တိုက်မှာလာနေပါ။ |
| အမေရော လာနေလို့ရလား။<br><br>မရပါဘူး။ |
| ဒီလိုမျိုး ယာယီဆောက်ထားတဲ့တဲက မာရီယာ နေဖို့ မသင့်တော်ဘူး။ |

အလုပ်ရှင်များသည် စာချုပ်တွင် ဖော်ပြထားသည့်အတိုင်း FDHs ကို အလုပ်ရှင်များ၏ လိပ်စာတွင် ကိုယ်ရေးကိုယ်တာ လုံခြုံစိတ်ချရပြီး သင့်လျော်သော နေရာထိုင်ခင်းကို အခမဲ့ ပံ့ပိုးပေးရမည်။ မသင့်လျော်သော နေရာထိုင်ခင်း ဥပမာများမှာ - FDHs သည် လုံခြုံမှု အနည်းငယ်သာရှိသည့် စင်္ကြံလမ်းမ တွင် ပြုလုပ်ထားသော ကုတင်ပေါ်တွင် အိပ်ရခြင်း သို့မဟုတ် အရွယ်ရောက်ပြီးသည့် ဆန့်ကျင်ဘက်လိင် ဆယ်ကျော်သက်တစ်ဦးနှင့် အခန်း မျှသုံးရခြင်းတို့ ဖြစ်ပါသည်။ FDH တစ်ဦးသည် အလုပ်ရှင်မှ သင့်လျော်သော နေရာထိုင်ခင်း ကို မပေးနိုင်ခြင်း သို့မဟုတ် သူ/သူမ၏ အလုပ်အကိုင် အခွင့်အရေး တစ်ခုခုကို ချိုးဖောက်နေသည်ဟု ယူဆရပါက သူ/သူမသည် အာဏာပိုင်များထံ အကူအညီ တောင်းခံသင့်ပါသည်။

**FDHs သည် စာချုပ်ထဲက မဟုတ်သောလိပ်စာ သို့မဟုတ် ၎င်းတို့၏ အလုပ်ရှင်များအတွက်မှလွဲ၍ အခြားလူများအတွက် အလုပ်မလုပ်ပေးနိုင်ပါ**

| |
|---|
| ငါ့ကားကို ရေဆေးတော့မယ်။ မင်းရဲ့ကြက်မွေးကို ငှားလို့ရမလား။<br><br>ရပါတယ် |
| ပြီးတော့ မှန်သုတ်တဲ့ဟာရော။<br><br>ရတာပေါ့။ |
| မင်းရဲ့အိမ်အကူကိုရော ငှားလို့ရမလား။<br><br>လုံးဝမရပါဘူး။ |

DHs သည် စာချုပ်တွင် ဖော်ပြထားသည့်အတိုင်း အလုပ်ရှင်များ၏ နေအိမ်တွင်ရှိနေသော အိမ်အကူတာဝန်များကိုသာ လုပ်ဆောင်ခွင့် ရှိပါသည်။ FDH အား စာချုပ်တွင် ဖော်ပြထားသည့် နေအိမ်မှလွဲ၍ အခြားနေရာများတွင် အိမ်အကူမဟုတ်သည့် တာဝန်များလုပ်ဆောင်ရန် စီစဉ်ခြင်းသည် ပြစ်မှုတစ်ခု ကျူးလွန်ခြင်းဖြစ်သည်။ ထို့အပြင် FDH သည် သူ/သူမ၏ အလုပ်ရှင်မှလွဲ၍ အခြားမည်သည့် ပုဂ္ဂိုလ်အတွက်မဆို အချိန်ပိုင်း အိမ်အကူတာဝန်များ လုပ်ဆောင်ခြင်းကလည်း ပြစ်မှုတစ်ခု ကျူးလွန်ခြင်းဖြစ်သည်။

## FDHs သည် စာချုပ်တွင် ဖော်ပြထားသည့် အိမ်လိပ်စာတွင်သာ နေထိုင်နိုင်ပါသည်

| |
|---|
| ဒီည အဖွားဆီကို လာခဲ့ပါ။ ပြီးရင် မင်းကို ရေခဲမုန့် ကျွေးမယ်။<br><br>ဟုတ်ကဲ့။ |
| အဖွားကို ဒီညစောင့်ကြည့်ဖို့ ငါမင်းကို သူမရဲ့နေရာဆီ လိုက်ပို့ပေးမယ်... |
| အမေ ကျွန်မတခြားနေရာတွေမှာ အလုပ်မလုပ်နိုင်ဘူး... |

FDHs သည် အလုပ်ခန့်ထားသည့်ကာလအတွင်း စာချုပ်တွင် ဖော်ပြထားသည့် အလုပ်ရှင်၏ နေအိမ်တွင်သာ အလုပ်လုပ်နိုင်ပြီး နေထိုင်နိုင်သည်။ FDH ကို အလုပ်ရှင်၏ အခြားသော နေအိမ်များ သို့မဟုတ် ဆွေမျိုးများ၏ နေအိမ်များတွင် နေထိုင်ရန် စီစဉ်ခြင်းသည် သက်ဆိုင်ရာ စည်းမျဉ်းများကို ချိုးဖောက်ခြင်းဖြစ်သည်။

**FDHs ၏ စာရွက်စာတမ်းများကို သိမ်းဆည်းမထားရ**

| |
|---|
| ငါဒါကို မယုံနိုင်ဘူး... ဒါပေမယ့် မင်းက အရမ်းငယ်နေတဲ့ပုံပဲ။<br><br>အဲ့တာအမှန်ပါတယ်။ ကျွန်မက အမေနဲ့ အသက်တူတူပဲ။ |
| မယုံဘူးဆိုရင် ကျွန်မရဲ့သက်သေခံကတ်ကို ပြနိုင်ပါတယ်။ |
| အမေ ကျွန်မရဲ့သက်သေခံကတ်ပြားကို ပြန်ပေးပါဦး။ |

မည်သူမျှ (FDHs ၏ အလုပ်ရှင်များနှင့် အလုပ်အကိုင် အေဂျင်စီများ (EAs) အပါအဝင်) FDHs ၏ နိုင်ငံကူးလက်မှတ်၊ သက်သေခံကတ်ပြားနှင့် ဘဏ်ကတ် ကဲ့သို့သော ကိုယ်ရေးကိုယ်တာ ပစ္စည်းများကို သိမ်းဆည်းခြင်း မပြုရပါ သို့မဟုတ်ပါက သူ/သူမသည် ပြစ်မှုတစ်ခုကို ကျူးလွန်ခြင်းဖြစ်သည်။ FDHs သည် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ စာရွက်စာတမ်းများနှင့် ကိုယ်ပိုင်ပစ္စည်းဥစ္စာများကို ၎င်းတို့ကိုယ်တိုင် သိမ်းဆည်းထားသင့်သည်။ FDH တစ်ဦး သည် ၎င်း၏ အခွင့်အရေးများကို ချိုးဖောက်ခံရသည်ဟု ယူဆပါက သူ/သူမ သည် အာဏာပိုင်များထံ အမြန်ဆုံး အကြောင်းကြားသင့်သည်။

## သင်ရဲ့ငွေကြေးကို ကောင်းမွန်စွာ စီမံခန့်ခွဲပြီး ငွေချေးခြင်းကို ရှောင်ကြဉ်ပါ

| |
|---|
| ပိုက်ဆံချေးရတာ အရမ်းလွယ်တယ်။ ဒီနေရာမှာ လက်မှတ်ထိုးဖို့ပဲ လိုတယ်။ |
| မချေးဘူး |

EA များသည် FDHs ၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များတွင် မပါဝင်သင့် သို့မဟုတ် FDHs အတွက် ချေးငွေထုတ်ယူရန် စီစဉ်ခြင်းများ ပြုလုပ်မပေးသင့်ပါ။ ပြုလုပ်ပါက EA များ၏ လိုင်စင်ကို ရုပ်သိမ်းသွားမည် ဖြစ်ပါသည်။ ထို့အပြင် FDHs ကိုယ်စား မည်သည့်ချေးငွေကိုမဆို ပြန်ဆပ်ရန်အတွက် FDHs ၏ လုပ်ခကို အလုပ်ရှင်များက မနုတ်ယူသင့်ပါ။ FDHs သည် ၎င်းတို့၏ ငွေကြေးများကို သတိရှိရှိ စီမံခန့်ခွဲသင့်ပြီး အကြွေးမတင်အောင် ရှောင်ကြဉ်သင့်သည်။

**"အလုပ်ပြောင်းခြင်း" ကို ရှောင်ကြဉ်ပါ**

| |
|---|
| ကျွန်မက အိမ်ကို အမြဲတမ်း သန့်ရှင်းသပ်ရပ်အောင် ထားပါတယ်။<br><br>သက်ကြီးရွယ်အိုတွေကို ကောင်းကောင်းစောင့်ရှောက်တယ်။<br><br>လူတိုင်းက ကျွန်မရဲ့ ဟင်းလျာတွေကို ကြိုက်နှစ်သက်ကြပါတယ်။<br><br>ကလေးထိန်းရတာ ပြဿနာမရှိပါဘူး။ |
| အိမ်အကူတွေက အလုပ်ကိစ္စများစွာကို ကောင်းမွန်စွာ လုပ်ကိုင်ပေးပြီး အိမ်ကိုလဲ အကူအညီပေးသူများ ဖြစ်ပါတယ်။ |
| အိမ်အကူတွေဟာ မိသားစုရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အလုပ်ကနေ အလွယ်တကူ မထွက်သင့်ပါဘူး။ |

အလုပ်ရှင်များသည် မိသားစုကို ပြုစုစောင့်ရှောက်ရန်အတွက် FDHs ကို ငှားရမ်းကြသည်။ ၎င်းတို့အားလုံးသည် FDHs စာချုပ်သက်တမ်း ပြည့်သည့် အချိန်အထိ အလုပ်လုပ်ရန် မျှော်လင့်ကြသည်။ အကယ်၍ FDH တစ်ဦးသည် စာချုပ်သက်တမ်း မကုန်ဆုံးမီ အလုပ်ထွက်ပါက အလုပ်ရှင်သည် မိသားစုကို ပြုစုစောင့်ရှောက်ရန် အစားထိုး အိမ်အကူတစ်ဦးကို အမြန်ရှာတွေ့နိုင်မည် မဟုတ်ပါ။ တည်ဆဲဥပဒေအရ စာချုပ်သက်တမ်း

မကုန်ဆုံးမီ အလုပ်ရှင်များ ပြောင်းခွင့်ပြုရန် FDHs ၏ လျှောက်လွှာကို ခြင်းချက်အခြေအနေများမှလွဲ၍ ပုံမှန်အားဖြင့် အတည်ပြုလိမ့်မည် မဟုတ်ပါ (ဥပမာ- FDH ကို အလုပ်ရှင်က နှိပ်စက်ခြင်း)။ အကယ်၍ FDH သည် အလုပ်ရှင်အသစ်ထံတွင် အလုပ် လုပ်လို ပါက သူ/သူမသည် ၎င်း၏ မူလနေရပ်သို့ ပြန်ရမည်ဖြစ်ပြီး ဟောင်ကောင် တွင် အလုပ်လုပ်ရန် ပြန်လျှောက်ရမည်။ အကယ်၍ FDH တစ်ဦးသည် အလုပ်ရှင်များ ပြောင်းလဲရန်အတွက် အချိန်မတိုင်မီ စာချုပ်ဖျက်သိမ်းသည့် အစီအစဉ်ကို အလွဲသုံးစား လုပ်သည်ဟု သံသယရှိပါက ဟောင်ကောင်တွင် အလုပ်လုပ်ရန် ၎င်း၏ အနာဂတ် အလုပ်လျှောက်လွှာများကို ငြင်းပယ်နိုင်သည်။

## နေထိုင်မှု အခြေအနေများကို လိုက်နာပါ

| |
|---|
| ကျောင်းသားများသည် ကျောင်းတွင် စည်းကမ်းမလိုက်နာပါက ထုတ်ပယ်ခံရနိုင်သည်။ |
| ထို့အတူ မာရီယာသည်လည်း လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ အမိန့်များကို လိုက်နာရန် လိုအပ်ပါသည်။ |
| ငါမင်းကို အရမ်းသဘောကျတယ် မာရီယာ။ မင်းအလုပ်ထုတ်ခံရမှာကို ငါမလိုလားဘူး။ |

FDH တစ်ဦးသည် ဗီဇာတွင် သတ်မှတ်ထားသည့် အလုပ်ရှင် သို့မဟုတ် အချိန်ပိုင်းအလုပ်မှလွဲ၍ အခြားသူများနှင့်အတူ အချိန်ကြာမြင့်စွာ နေထိုင်ခြင်း သို့မဟုတ် အခြားသူများထံတွင် အလုပ်လုပ်ခြင်းကဲ့သို့သော နေထိုင်မှု အခြေအနေများကို ချိုးဖောက်ပါက သူ/သူမအား တရားစွဲဆိုရန် တာဝန်ရှိပြီး သူ/သူမ၏ နေရပ်သို့ ပြန်လည်ပို့ဆောင် ခံရနိုင်သည်။ နေထိုင်မှု အခြေအနေများ ဖောက်ဖျက်ရာတွင် FDH ကို ကူညီပြီး ထောက်ခံအားပေးသူ မည်သူမဆိုသည်လည်း တရားစွဲဆိုခြင်းကို ခံရမည် ဖြစ်ပါသည်။

နိုင်ငံခြား အိမ်အကူများ ဝက်ဘ်ဆိုက် -

http://www.fdh.labour.gov.hk

LD သည် FDHs ၏ အလုပ်အကိုင်နှင့် စပ်လျဉ်းသည့် မူဝါဒများ၊ ဥပဒေ ပြဌာန်းချက်များစသည့် သတင်းအချက်အလက်များကို ပေးသည့် သီးသန့် FDH ဝက်ဘ်ဆိုက်ကို ထိန်းသိမ်းထားသည်။ ဝက်ဘ်ဆိုက်တွင် FDHs ၏ အလုပ် အကိုင် အခွင့်အရေးများနှင့် သက်ဆိုင်သည့် စာစောင်များနှင့် အရောင်း မြှင့်တင် ရေး ဗီဒီယိုများ ကဲ့သို့သော ပစ္စည်းများလည်းပါရှိသည်။ FDHs အနေဖြင့် အချက်အလက်များကို အလွယ်တကူနားလည်နိုင်စေရန် ဝက်ဘ်ဆိုက်ကို တရုတ်နှင့် အင်္ဂလိပ်အပြင် တာဂဲလော့ဂ်၊ ဘဟာစ အင်ဒိုနီးရှား၊ ထိုင်း စသည် တို့ဖြင့် ရနိုင်ပါသည်။ FDHs သည် ဟောင်ကောင်သို့ မဆိုက်ရောက်မီ အချိန် မရွေး နေရာမရွေး ဝက်ဘ်ဆိုက်ထဲ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အလုပ်အကိုင် အေဂျင်စီများ ဝက်ဘ်ဆိုက် -

http://www.eaa.labour.gov.hk

ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသ၏ အစိုးရက အလုပ်ရှင်များသည် EA များမှတစ်ဆင့် FDHs ကို ငှားရမ်းခြင်းနှင့် FDHs သည် EA များမှတစ်ဆင့် ဟောင်ကောင်တွင် အလုပ်အကိုင်ရှာဖွေခြင်းကို ပြုလုပ်ရမည်ဟု သတ်မှတ်မထားပါ။ သို့သော်လည်း ဟောင်ကောင်အလုပ်ရှင်များက EA များမှတစ်ဆင့် FDHs ငှားရမ်းခြင်းမှာ ပုံမှန်ဖြစ်သည်။ LD သည် ဟောင်ကောင်ရှိ EA များ၏ စည်းမျဉ်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များနှင့် စာစောင် ထုတ်ဝေမှုများကို ရယူရန် အလုပ်ရှင်များနှင့် အလုပ်အကိုင် ရှာဖွေသူများအတွက် အထူးသီးသန့် EA ဝက်ဘ်ဆိုက်ကို ထိန်းသိမ်းထားပါသည်။ ဝက်ဘ်ဆိုက်သည် EA တွင် တရားဝင်လိုင်စင် ရှိ၊ မရှိကို အများပြည်သူ စစ်ဆေးနိုင်ရန်အတွက် ရှာဖွေရေး လုပ်ဆောင်ချက်ကိုလည်း ပံ့ပိုးပေးပါသည်။ ရှာဖွေရေး လုပ်ဆောင်ချက်သည် EA များကို ခရိုင်အလိုက်၊ နေရာချထားမှု အမျိုးအစားအလိုက် အစသည်ရှိဖြင့် ရှာဖွေနိုင်စေသည်။

စုံစမ်းရန် ဟော့လိုင်းနံပါတ်များ -

FDHs ၏ အခွင့်အရေးများနှင့် အလုပ်သမား ဥပဒေများအကြောင်း ("1823"က စီမံသည်)

2717 1771

2157 9537 (FDHs အတွက် အထူးသီးသန့် ဟော့လိုင်း)

EA များ၏ စည်းမျဉ်းများအကြောင်း

2115 3667

ဝက်ဘ်ဆိုက် -

http://www.labour .gov.hk